# မွန်ပြည်နယ်လွှတ်တော်

# မွန်ပြည်နယ်ပုဂ္ဂလိကပိုင်ရေယာဉ်များစနစ်တကျပြေးဆွဲရေး ဥပဒေ

(၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၉ ။)

# မွန်ပြည်နယ်ပုဂ္ဂလိကပိုင်ရေယာဉ်များစနစ်တကျပြေးဆွဲရေးဥပဒေ
## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | အခန်း(၁) | |
| | အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်၊ | ၁ |
| ၃။ | အခန်း(၂) | |
| | ပြည်နယ်ကြီးကြပ်မှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ၊ | ၂ |
| ၄။ | အခန်း(၃) | |
| | ကော်မတီဖွဲ့စည်းခြင်း၊ | ၄ |
| ၅။ | အခန်း(၄) | |
| | ကော်မတီ၏လုပ်ငန်းတာဝန်များ၊ | ၅ |
| ၆။ | အခန်း(၅) | |
| | ကော်မတီ၏လုပ်ပိုင်ခွင့်များ၊ | ၆ |
| ၇။ | အခန်း(၆) | |
| | မှတ်ပုံတင်ခြင်းနှင့်ရေယာဉ်လိုင်းသတ်မှတ်ခြင်း၊ | ၇ |
| ၈။ | အခန်း(၇) | |
| | ရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းပြုစုခြင်းနှင့်စာရင်းစစ်ဆေးခြင်း၊ | ၈ |
| ၉။ | အခန်း(၈) | |
| | အရေးယူခြင်းနှင့်အယူခံဝင်ခြင်း၊ | ၈ |
| ၁၀။ | အခန်း(၉) | |
| | တားမြစ်ချက်၊ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၉ |
| ၁၁။ | အခန်း(၁၀) | |
| | အထွေထွေ | ၁၀ |

# မွန်ပြည်နယ်ပုဂ္ဂလိကပိုင်ရေယာဉ်များစနစ်တကျပြေးဆွဲရေးဥပဒေ
## (၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၉ ။ )
## ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
## ( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်)

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျှက် မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို မွန်ပြည်နယ်ပုဂ္ဂလိကပိုင်ရေယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေဟုခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှစတင်၍ မွန်ပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်** ဆိုသည်မှာ မွန်ပြည်နယ်ကိုဆိုသည်၊

(ခ) **ပြည်နယ်အစိုးရအဖွဲ့** ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့ကိုဆိုသည်၊

(ဂ) **ဝန်ကြီး** ဆိုသည်မှာ မွန်ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးကိုဆိုသည်၊

(ဃ) **ပြည်နယ်ကြီးကြပ်မှုအဖွဲ့** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၃ အရ ဖွဲ့စည်းသော ပြည်နယ်ပုဂ္ဂလိကပိုင်ရေယာဉ်များစနစ်တကျပြေးဆွဲရေး လုပ်ငန်းကြီးကြပ်မှုအဖွဲ့ကိုဆိုသည်၊

(င) **မြို့နယ်ကော်မတီ** ဆိုသည်မှာ မြို့နယ်ပုဂ္ဂလိကပိုင်ရေယာဉ်များစနစ်တကျပြေးဆွဲရေးလုပ်ငန်းကော်မတီကိုဆိုသည်။ ယင်းစကားရပ်တွင် ကူးတို့ဆိပ်ကော်မတီ၊ ဆိပ်ကမ်းကော်မတီများလည်း ပါဝင်ပြီး မြို့နယ်ကော်မတီ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်ရှိ ကော်မတီများဖြစ်သည်ဟု မှတ်ယူရမည်။

(စ) **ရေယာဉ်** ဆိုသည်မှာ စက်စွမ်းအင်ဖြင့်သော်လည်းကောင်း၊ အခြားစွမ်းအင်တစ်မျိုးမျိုးဖြင့်သော်လည်းကောင်း ရေပြင်တွင်သွားလာနိုင်သည့် နိုင်ငံတော်ပိုင်ရေယာဉ်မှအပ ကျန်ရေယာဉ်များကို ဆိုသည်၊

(ဆ) **ရေယာဉ်ပိုင်ရှင်** ဆိုသည်မှာ တည်ဆဲဥပဒေအရပြုသည့်သတ်မှတ်ချက်များ၊ အထောက်အထားများနှင့် အညီတရားဝင်ပိုင်ဆိုင်ခွင့်ရှိသည့် ပုဂ္ဂိုလ်ကိုဆိုသည်၊

(ဇ) **ရေယာဉ်လုပ်ငန်းလုပ်ကိုင်သူ** ဆိုသည်မှာ မိမိပိုင်ရေယာဉ်ဖြင့်ဖြစ်စေ၊ ရေယာဉ်ကို တရားဝင်ငှားရမ်း၍ဖြစ်စေ မြို့နယ်ကော်မတီတွင် မှတ်ပုံတင်ပြီး လုပ်ကိုင်သူကို ဆိုသည်၊

(ဈ) **ရေယာဉ်လုပ်သား** ဆိုသည်မှာ ပုဒ်မခွဲ(စ)ပါ ရေယာဉ်တွင်လုပ်ကိုင် ဆောင်ရွက်နေသော သက်ဆိုင်ရာဌာနမှ အသိအမှတ်ပြုထားသည့် ရေယာဉ်အုပ်၊ စက်ခန်းအုပ် အပါအဝင် ရေယာဉ်တွင် တာဝန်ထမ်းဆောင်နေသူအားလုံးကို ဆိုသည်၊

(ည) **နည်းဥပဒေများ** ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများကို ဆိုသည်၊

(ဋ) **ကော်မတီရုံး** ဆိုသည်မှာ ကော်မတီ၏လုပ်ငန်းများဆောင်ရွက်ရန် တည်ထောင်ထားသည့်ရုံးကို ဆိုသည်၊

(ဌ) **ရုံးအကြီးအကဲ** ဆိုသည်မှာ ကော်မတီ၏ရုံးလုပ်ငန်းကို တာဝန်ခံဆောင်ရွက်သူကိုဆိုသည်၊

(ဍ) **ဝန်ထမ်း** ဆိုသည်မှာ ကော်မတီက သတ်မှတ်ချက်များနှင့်အညီ ခန့်ထားသူကိုဆိုသည်၊

(ဎ) **မှတ်ပုံတင်** ဆိုသည်မှာ ပုဂ္ဂလိကပိုင်ရေယာဉ်များစနစ်တကျပြေးဆွဲရန်အလို့ငှာ ဤဥပဒေအရ မြို့နယ်ကော်မတီတွင် ပြုလုပ်သည့် မှတ်ပုံတင်ခြင်းကို ဆိုသည်၊

(ဏ) **စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်** ဆိုသည်မှာ သတိပေးခြင်း၊ ဒဏ်ကြေးငွေချမှတ်ခြင်း၊ ရေယာဉ်ပြေးဆွဲမှုကို ကာလသတ်မှတ်၍ တားမြစ်ပိတ်ပင်ခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြစ်ဒဏ်များကို ဆိုသည်၊

(တ) **ရေယာဉ်လိုင်း** ဆိုသည်မှာ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းနှင့်ကုန်စည် ပို့ဆောင်ရေးလုပ်ငန်းတို့ကို မြို့နယ်ကော်မတီတွင် မှတ်ပုံတင်ပြီးလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကပိုင်ရေယာဉ်များဖြင့် စုဖွဲ့ပြေးဆွဲလျက်ရှိသော ရေယာဉ်လိုင်းကို ဆိုသည်။ ယင်းစကားရပ်တွင် စည်ပင်သာယာရေးအဖွဲ့၌ ကူးတို့လိုင်စင်ရယူပြီး စုဖွဲ့ပြေးဆွဲလျက်ရှိသော ရေယာဉ်လိုင်းလည်း ပါဝင်သည်။

## အခန်း(၂)
## ပြည်နယ်ကြီးကြပ်မှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၃။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်ကြီးကြပ်မှုအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ဝန်ကြီး<br>မွန်ပြည်နယ်အစိုးရအဖွဲ့၊ | ဥက္ကဋ္ဌ |
| (ခ) | ဆိပ်ကမ်းအရာရှိ<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ | အဖွဲ့ဝင် |

(ဂ) ဌာနခွဲမှူး
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(သံလွင်ဌာနခွဲ)၊ အဖွဲ့ဝင်

(ဃ) ဌာနခွဲမှူး
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(သံလွင်သဘော်ာကျင်း)၊ အဖွဲ့ဝင်

(င) ပြည်နယ်ဦးစီးမှူး
ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာန၊ အဖွဲ့ဝင်

(စ) ပြည်နယ်ဦးစီးမှူး
ပြည်နယ်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ အဖွဲ့ဝင်

(ဆ) ညွှန်ကြားရေးမှူး
ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ အဖွဲ့ဝင်

(ဇ) ညွှန်ကြားရေးမှူး
ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အဖွဲ့ဝင်

(ဈ) ပြည်နယ်ရဲတပ်ဖွဲ့မှူး
ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ အဖွဲ့ဝင်

(ည) ရေယာဉ်ပိုင်ရှင်ကိုယ်စားလှယ်(၃)ဦး၊ အဖွဲ့ဝင်များ

(ဋ) ပြည်နယ်ဦးစီးမှူး
ပြည်နယ်ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန။ အတွင်းရေးမှူး

၄။ ပြည်နယ်ကြီးကြပ်မှုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့နယ်ကော်မတီများဖွဲ့စည်းရန် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ပါဝင်သော မြို့နယ်ကော်မတီ ဖွဲ့စည်းရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်စေရမည်၊

(ခ) ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့နယ်ကော်မတီဖွဲ့စည်းခြင်းကို အတည်ပြုနိုင်သည်။ လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်းကို ဆောင်ရွက်နိုင်သည်၊

(ဂ) ရေယာဉ်လိုင်းများသတ်မှတ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြောင်းလဲခြင်း၊ ဖျက်သိမ်းခြင်း၊ ရေယာဉ်အရေအတွက် ပြောင်းလဲသတ်မှတ်ခြင်းကို ကြီးကြပ်ဆောင်ရွက်ရမည်၊

(ဃ) ဆိပ်ခံတံတားများတည်ဆောက်ခြင်း၊သတ်မှတ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်သိမ်းခြင်းကို ကြီးကြပ်ဆောင်ရွက်ရမည်၊

(င) အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များနှင့် ဆက်စပ်ပြေးဆွဲသော ရေယာဉ်များပြေးဆွဲခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏တာဝန်ရှိ အဖွဲ့အစည်းနှင့် ညှိနှိုင်းခြင်း၊ ကြီးကြပ်ခြင်း ဆောင်ရွက်ရမည်၊

(စ) ပြည်နယ်အတွင်း မြို့နယ်တစ်မြို့နယ်မှ အခြားမြို့နယ်သို့ ရေယာဉ်များပြေးဆွဲခြင်းကိစ္စ အငြင်းပွားမှုများကို ညှိနှိုင်းဆုံးဖြတ်ပေးရမည်၊

(ဆ) ရေယာဉ်ပြေးဆွဲခြင်းလုပ်ငန်းကို ခေတ်နှင့်လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်စေရန် မြို့နယ်ကော်မတီများနှင့် အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးဆောင်ရွက်ရမည်။

၅။ ဝန်ကြီးသည် ဤဥပဒေ ပုဒ်မ ၆ ၊ ပုဒ်မ ၇ ပါအတိုင်း ကော်မတီများ ဖွဲ့စည်းရေးကို ကြီးကြပ်ရမည်။

## အခန်း(၃)
## မြို့နယ်ကော်မတီဖွဲ့စည်းခြင်း

၆။ ဤဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် မြို့နယ်ကော်မတီ ဖွဲ့စည်းရေးအဖွဲ့သည် မြို့နယ်ကော်မတီ ဖွဲ့စည်းရာတွင် မြို့နယ်အတွင်းအခြေစိုက်လုပ်ကိုင်သည့် ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်ငန်းလုပ်ကိုင်သူများ၏ အများဆန္ဒဖြင့် ကော်မတီဝင် အနည်းဆုံး(၃)ဦးမှ အများဆုံး(၉) ဦး အထိပါဝင် ဖွဲ့စည်းရမည်။ မြို့နယ်ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် လိုအပ်ပါက ဘဏ္ဍာရေးမှူးတို့ကို မြို့နယ်ကော်မတီဝင်များ၏ အများဆန္ဒဖြင့် ရွေးချယ်တာဝန်ပေးရမည်။

၇။ မြို့နယ်ကော်မတီသည် မြို့နယ်အတွင်း ကူးတို့ဆိပ်ကော်မတီ၊ ဆိပ်ကမ်းကော်မတီများကို ဖွဲ့စည်းရာတွင် ယင်းကူးတို့ဆိပ်၊ ဆိပ်ကမ်းတွင် အခြေစိုက်လုပ်ကိုင်သည့် ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်ငန်းလုပ်ကိုင်သူများတို့၏ အများဆန္ဒဖြင့် ကော်မတီဝင် အနည်းဆုံး(၃)ဦးမှ အများဆုံး (၉) ဦး အထိပါဝင် ဖွဲ့စည်းပေးရမည်။ ကူးတို့ဆိပ်ကော်မတီ၊ ဆိပ်ကမ်းကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်လိုအပ်ပါက ဘဏ္ဍာရေးမှူးတို့ကို ယင်းကူးတို့ဆိပ်ကော်မတီ၊ ဆိပ်ကမ်းကော်မတီဝင်များ၏ အများဆန္ဒဖြင့် ရွေးချယ်တာဝန်ပေးရမည်။

၈။ မြို့နယ်ကော်မတီ ဖွဲ့စည်းရေးအဖွဲ့သည် မြို့နယ်အလိုက်ဖွဲ့စည်းပြီးသောမြို့နယ်ကော်မတီ၊ ကူးတို့ဆိပ်ကော်မတီ၊ ဆိပ်ကမ်းကော်မတီစာရင်းကို ပြည်နယ်ကြီးကြပ်မှုအဖွဲ့ထံ တင်ပြရမည်။

၉။ ဤဥပဒေအရဖွဲ့စည်းသည့် မြို့နယ်ကော်မတီနှင့် ကူးတို့ဆိပ်ကော်မတီ၊ ဆိပ်ကမ်းကော်မတီဝင်များသည် အောက်ပါ အရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်လုပ်ငန်းလုပ်ကိုင်သူဖြစ်ရမည်၊

(ခ) အသက် (၂၅)နှစ် ပြည့်ပြီးသူဖြစ်ရမည်၊

(ဂ) ပညာအရည်အချင်း အသင့်အတင့်ရှိရမည်၊

(ဃ) မြို့နယ်ကော်မတီဝင်ဖြစ်ပါက သက်ဆိုင်ရာ ရေယာဉ်လုပ်ငန်းအခြေစိုက်သည့် မြို့နယ်အတွင်း နေထိုင်သူဖြစ်ရမည်။

(င) ကူးတို့ဆိပ်ကော်မတီဝင်၊ ဆိပ်ကမ်းကော်မတီဝင်ဖြစ်ပါက သက်ဆိုင်ရာရေယာဉ်လုပ်ငန်း အခြေစိုက်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူဖြစ်ရမည်။

၁၀။ မိမိဆန္ဒအလျောက်နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အကြောင်းတစ်စုံတစ်ရာကြောင့်ဖြစ်စေ ကော်မတီဝင်လစ်လပ်ပါက ဤဥပဒေပုဒ်မ ၆၊ ပုဒ်မ ၇ ပါပြဋ္ဌာန်းချက်နှင့်အညီ အစားထိုးတာဝန်ပေးနိုင်သည်။ အစားထိုးတာဝန်ထမ်းဆောင်သူ၏ သက်တမ်းသည် မူလတာဝန်ထမ်းဆောင်သူ၏ကျန်ရှိ သက်တမ်းအတိုင်း ဖြစ်သည်။

၁၁။ မြို့နယ်ကော်မတီ၏ သက်တမ်းသည် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အတည်ပြုသည့်နေ့မှစ၍ (၅)နှစ် ဖြစ်သည်။

၁၂။ မြို့နယ်ကော်မတီအသစ်ရွေးချယ်ပြီးသည့်အခါတိုင်း မြို့နယ်ကော်မတီအဟောင်းသည် မြို့နယ်ကော်မတီအသစ်ထံသို့ လုပ်ငန်းတာဝန်နှင့် လုပ်ငန်းအရပ်ရပ်၊ ခံစားပိုင်ခွင့်အရပ်ရပ်ကို (၁၅)ရက်အတွင်း စနစ်တကျလွှဲပြောင်းပေးရမည်။

၁၃။ မြို့နယ်ကော်မတီအဟောင်းမှအသစ်သို့ လုပ်ငန်းတာဝန်နှင့် လုပ်ငန်းအရပ်ရပ် လွှဲပြောင်းဆောင်ရွက်ခြင်းကို ဤဥပဒေ ပုဒ်မ၄၊ ပုဒ်မခွဲ(က) ပါ မြို့နယ်ကော်မတီဖွဲ့စည်းရေးအဖွဲ့က တာဝန်ယူကြီးကြပ်ရမည်။

၁၄။ ကူးတို့ဆိပ်ကော်မတီ၊ ဆိပ်ကမ်းကော်မတီ အဟောင်းမှအသစ်သို့ လုပ်ငန်းတာဝန်နှင့်လုပ်ငန်းအရပ်ရပ် လွှဲပြောင်းဆောင်ရွက်ခြင်းကို မြို့နယ်ကော်မတီက တာဝန်ယူကြီးကြပ်ရမည်။

## အခန်း(၄)
## မြို့နယ်ကော်မတီ၏လုပ်ငန်းတာဝန်များ

၁၅။ မြို့နယ်ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့နယ်အတွင်း ပုဂ္ဂလိကပိုင်ရေယာဉ်များခရီးသည်ပို့ဆောင်ခြင်း၊ ကုန်စည်ပို့ဆောင်ခြင်း လုပ်ငန်းအတွက် ဤဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (က)(ခ) အရ မှတ်ပုံတင်စေပြီးမှ လုပ်ငန်းဆောင်ရွက်စေခြင်း၊

(ခ) ခရီးသည်နှင့်ကုန်စည်ပို့ဆောင်မှု အဆင်ပြေစေရန် ရေယာဉ်လိုင်းများသတ်မှတ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြောင်းလဲခြင်း၊ ဖျက်သိမ်းခြင်း၊ ရေယာဉ် အရေအတွက်ပြောင်းလဲခြင်းကို ပြည်နယ်ကြီးကြပ်မှုအဖွဲ့သို့ တင်ပြခြင်း၊

(ဂ) ရေယာဉ်ဆိုက်ကပ်သည့် ဆိပ်ခံတံတားများတည်ဆောက်ခြင်း၊ သတ်မှတ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်သိမ်းခြင်းတို့ကို ပြည်နယ်ကြီးကြပ်မှုအဖွဲ့သို့တင်ပြခြင်း၊

(ဃ) မြို့နယ်အတွင်းရေယာဉ်လိုင်းတစ်ခုမှ အခြားရေယာဉ်လိုင်းတစ်ခုသို့ ပြောင်းရွှေ့ရေးကိစ္စကို အဆုံးအဖြတ်ပေးခြင်း၊

(င) ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်ငန်းလုပ်ကိုင်သူများ၊ ရေယာဉ်လုပ်သားများနှင့် အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးခြင်း၊

(စ) မြို့နယ်ကော်မတီ၏ကြီးကြပ်မှုအောက်တွင် ပြေးဆွဲနေသောရေယာဉ်များအား ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရန် ကြီးကြပ်ခြင်း၊

(ဆ) မြို့နယ်ကော်မတီ၏ပုံမှန်အစည်းအဝေးများကို သတ်မှတ်ကျင်းပခြင်း၊

(ဇ) ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်ငန်းလုပ်ကိုင်သူများနှင့် နှစ်ပတ်လည်အစည်းအဝေးကို တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပခြင်း၊ လိုအပ်ပါက လိုအပ်သလို ကျင်းပခြင်း၊

(ဈ) ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ည) ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ခြင်း၊

(ဋ) ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်လုပ်ငန်းလုပ်ကိုင်သူ၊ ရေယာဉ်လုပ်သားများ၏ ဘဝတိုးတက်စေရန် ကြံဆဆောင်ရွက်ခြင်း၊

(ဌ) ရေယာဉ်စည်းကမ်း၊ ရေကြောင်းစည်းကမ်း ထိန်းသိမ်းကြပ်မတ်ရာတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဍ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသော ခေတ်မီပို့ဆောင်ရေးစနစ် ဖြစ်ထွန်း စေရန် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဎ) ရေယာဉ်လုပ်ငန်းများ တိုးတက်စေရန်ဆောင်ရွက်ခြင်း၊

(ဏ) လုပ်ငန်းဆောင်ရွက်ရာတွင် စနစ်တကျဖြစ်စေရန် ဆောင်ရွက်ခြင်း၊ ကော်မတီပိုင်ပစ္စည်းများကို စနစ်တကျဖြစ်စေရန် စီမံခန့်ခွဲခြင်း၊

(တ) လုပ်ငန်းဆောင်ရွက်ချက်၊ အစည်းအဝေးမှတ်တမ်းများကို လိုအပ်ပါက ပြည်နယ်ကြီးကြပ်မှု အဖွဲ့သို့ တင်ပြခြင်း၊

(ထ) ရေယာဉ်လုပ်ငန်းလုပ်ကိုင်သူ၊ ရေယာဉ်လုပ်သားများနှင့်ရေယာဉ်ခရီးသွားများ၏ သက်သာ ချောင်ချိရေး၊ ကုန်စည်လုံခြုံရေးနှင့် ရေယာဉ်ခရီးသွားများ၏ လုံခြုံရေး၊ လုံခြုံရေးအတွက် ပစ္စည်းကိရိယာများထားရှိရေးနှင့် ကယ်ဆယ်ရေးဆိုင်ရာအစီအမံများထားရှိဆောင်ရွက်ခြင်း။

## အခန်း(၅)
## မြို့နယ်ကော်မတီ၏လုပ်ပိုင်ခွင့်များ

၁၆။ မြို့နယ်ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရေယာဉ်ပြေးဆွဲခြင်းလုပ်ငန်း လုပ်ကိုင်လိုသူများကို တရားဝင်လုပ်ကိုင်နိုင်ရန် မြို့နယ် ကော်မတီတွင် မှတ်ပုံတင်စေခြင်း၊ ခွင့်ပြုချက်ပေးခြင်း၊ ရေယာဉ်ပြေးဆွဲခြင်းလုပ်ငန်းများကို စီမံဆောင်ရွက်ခြင်း၊

(ခ) လိုအပ်ပါက မြို့နယ်ကော်မတီဝန်ထမ်းများခန့်ထားခြင်း၊ လုပ်ငန်းတာဝန်များကို အခြေခံလျက် လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို ပြည်နယ်ကြီးကြပ်မှုအဖွဲ့သို့ တင်ပြခြင်း၊

(ဂ) မြို့နယ်ကော်မတီ၏စီမံခန့်ခွဲမှုအောက်ရှိ ရေယာဉ်လိုင်းများ၊ ရေယာဉ်များ၊ ဝန်ထမ်းများ၊ ရေယာဉ်လုပ်သားများလိုက်နာရန် စည်းကမ်းများသတ်မှတ်ခြင်း၊

(ဃ) မြို့နယ်ကော်မတီရုံးနှင့်ဝန်ထမ်းများအား ကြီးကြပ်ကွပ်ကဲခြင်း၊

(င) ရေယာဉ်လိုင်းများ၊ ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်ငန်းလုပ်ကိုင်သူများ၊ ရေယာဉ်လုပ်သားများနှင့် ဝန်ထမ်းများအကြားဖြစ်ပေါ်လာသည့် ပြဿနာနှင့်အခက်အခဲများကို ညှိနှိုင်းဖြေရှင်းပေးခြင်း၊

(စ) ရေယာဉ်ပြေးဆွဲခြင်းလုပ်ငန်း၊ ရေယာဉ်လိုင်းများနှင့် စပ်လျဉ်း၍ အခက်အခဲများကို အဆင့်ဆင့်တင်ပြခြင်း၊

(ဆ) ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ခနှုန်းထားများကို ညှိနှိုင်းသတ်မှတ်ခြင်း၊

(ဇ) ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်ကြီးကြပ်မှုအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့်တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

၁၇။ ကူးတို့ဆိပ်ကော်မတီ၊ ဆိပ်ကမ်းကော်မတီသည် ဤဥပဒေအခန်း (၄) ပါ မြို့နယ်ကော်မတီ၏လုပ်ငန်းတာဝန်များ၊ အခန်း (၅) ပါ မြို့နယ်ကော်မတီ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် မြို့နယ်ကော်မတီသို့ တင်ပြဆောင်ရွက်ရမည်။

## အခန်း(၆)
## မှတ်ပုံတင်ခြင်းနှင့် ရေယာဉ်လိုင်းသတ်မှတ်ခြင်း

၁၈။ မြို့နယ်ကော်မတီသည်-

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ပြီးသောရေယာဉ်များကို ရေယာဉ်ပြေးဆွဲခြင်းလုပ်ငန်းလုပ်ကိုင်ရန် မြို့နယ်ကော်မတီတွင် မှတ်ပုံတင်စေရမည်။

(ခ) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် စာရင်းဝင်ထားသော မြင်းကောင်ရေ ၂၀ အောက်စက်တပ်ရေယာဉ်များကို ရေယာဉ်ပြေးဆွဲခြင်းလုပ်ငန်းလုပ်ကိုင်ရန် မြို့နယ်ကော်မတီတွင် မှတ်ပုံတင်စေရမည်။

(ဂ) အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များနှင့် ဆက်စပ်ပြေးဆွဲသောရေယာဉ်များ၊ ရေယာဉ်လိုင်းများကို ကြီးကြပ်နိုင်ရန် ပြည်နယ်ကြီးကြပ်မှုအဖွဲ့မှတစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

(ဃ) ရေယာဉ်လိုင်း သတ်မှတ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြောင်းလဲခြင်း၊ ဖျက်သိမ်းခြင်းများကို အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ပြည်နယ်ကြီးကြပ်မှုအဖွဲ့သို့ တင်ပြရမည်။

## အခန်း(၇)
## ရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းပြုစုခြင်းနှင့်စာရင်းစစ်ဆေးခြင်း

၁၉။ မြို့နယ်ကော်မတီသည်-

(က) မိမိ၏စီမံခန့်ခွဲမှုအောက်ရှိ ရေယာဉ်များပြေးဆွဲခြင်းလုပ်ငန်း မှတ်ပုံတင်ကြေးနှင့် ကြီးကြပ်ခတို့ကို စီမံဆောင်ရွက်ရမည်၊

(ခ) ရန်ပုံငွေကို ငွေစာရင်းဖွင့်လှစ်ထားရှိ၍ မြို့နယ်ကော်မတီ၏ လုပ်ငန်းများတွင် သုံးစွဲရမည်။ လိုအပ်ပါက ဘဏ်တွင် ငွေစုစာအုပ်ဖွင့်လှစ်ဆောင်ရွက်ရမည်၊

(ဂ) ရရှိသောနိုင်ငံခြားငွေကို သီးခြားစာရင်းဖွင့်လှစ်ထားရှိ၍ မြို့နယ်ကော်မတီ၏ လုပ်ငန်းများတွင် စနစ်တကျသုံးစွဲနိုင်သည်။

(ဃ) ရေယာဉ်များမှ ကောက်ခံရရှိသော ရန်ပုံငွေများနှင့် အသုံးစာရင်းများကို စနစ်တကျ ထိန်းသိမ်းထားရှိပြီး ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရမည်။ နှစ်ချုပ်၊ လချုပ်စာရင်းပြုစုခြင်းများကို စာရင်းအင်းကျွမ်းကျင်သူများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်၊

(င) စုဆောင်းထားရှိသည့် ရန်ပုံငွေများကို ရေယာဉ်ပြေးဆွဲခြင်းလုပ်ငန်းတိုးတက်စေရန်၊ ရန်ပုံငွေ တိုးပွားစေရန် ပြည်နယ်ကြီးကြပ်မှုအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ရင်းနှီးမြှုပ်နှံမှုပြုနိုင်သည်၊

(စ) ရန်ပုံငွေသုံးစွဲရာတွင် အစည်းအဝေးဆုံးဖြတ်ချက်ရှိရမည်။ ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်ငန်း လုပ်ကိုင်သူများအကျိုး၊ ဒေသဖွံ့ဖြိုးရေးအကျိုးအတွက် သုံးစွဲနိုင်သည်၊

(ဆ) ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်ငန်းလုပ်ကိုင်သူများ၊ ရေယာဉ်လုပ်သားများ၊ မြို့နယ်ကော်မတီ ရုံးဝန်ထမ်းများ၏ လူမှုရေးလုပ်ငန်းများတွင် မြို့နယ်ကော်မတီအစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ သုံးစွဲနိုင်သည်။

## အခန်း(၈)
## အရေးယူခြင်းနှင့် အယူခံဝင်ခြင်း

၂၀။ ရေယာဉ်ပြေးဆွဲခြင်းလုပ်ငန်းလုပ်ကိုင်သူ မည်သူမဆို ဤဥပဒေ သို့မဟုတ် ဤဥပဒေအရ ပြုသည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်းထင်ရှားလျှင် မြို့နယ်ကော်မတီက ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) စာဖြင့်သတိပေးခြင်း၊

(ခ) အနည်းဆုံးကျပ် ၂၀၀၀၀ (ကျပ်နှစ်သောင်း) မှ အများဆုံးကျပ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း) ထက်မပိုသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ဂ) ရေယာဉ်ပြေးဆွဲခြင်းလုပ်ငန်းဆောင်ရွက်ခွင့်ကို ကာလအကန့်အသတ်ဖြင့် တားမြစ်ခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

၂၁။ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ချမှတ်ပြီးသည့် ပြစ်မှုများအတွက် တရားရုံးတွင်ထပ်မံတရားစွဲဆိုခြင်း မပြုရ။

၂၂။ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ချမှတ်သည့် ဒဏ်ကြေးငွေပေးဆောင်ရန် ပျက်ကွက်လျှင် မြို့နယ်ကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် မြို့နယ်ကော်မတီဥက္ကဋ္ဌမှတာဝန်ပေးသူသည် ထိုဒဏ်ကြေးငွေကို မြေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၂၃။ ပုဒ်မ ၂၀ အရ မြို့နယ်ကော်မတီကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ပြည်နယ်ကြီးကြပ်မှုအဖွဲ့ထံ အယူခံဝင်နိုင်သည်။

၂၄။ ပြည်နယ်ကြီးကြပ်မှုအဖွဲ့သည် မြို့နယ်ကော်မတီကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၅။ ပုဒ်မ ၂၄ အရ ပြည်နယ်ကြီးကြပ်မှုအဖွဲ့က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ပြည်နယ်အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်။

၂၆။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်ကြီးကြပ်မှုအဖွဲ့က ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

## အခန်း(၉)
## တားမြစ်ချက်၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၇။ မည်သူမျှ မြို့နယ်ကော်မတီ၏စီမံခန့်ခွဲမှုအောက်ရှိ ရေယာဉ်လိုင်းတစ်ခုခုသို့ မှတ်ပုံတင်စာရင်းသွင်းခြင်း မရှိဘဲ ရေယာဉ်ပြေးဆွဲခြင်းမပြုရ။

၂၈။ မည်သူမဆို ဤဥပဒေ ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူကို သုံးလ အထိ ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံးငွေဒဏ် ကျပ်၅၀၀၀၀ (ကျပ်ငါးသောင်း)မှ အများဆုံး ငွေဒဏ် ကျပ်၁၀၀၀၀၀ (ကျပ်တစ်သိန်း)အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၉။ ပုဒ်မ ၂၈ အရ အရေးယူသည့် ကိစ္စအတွက် ဝန်ကြီးမှတစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုမိန့် ရယူရမည်။

## အခန်း(၁၀)

## အထွေထွေ

၃၀။ မြို့နယ်ကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက် ပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲဆိုခံပိုင်ခွင့်ရှိစေရမည်။

၃၁။ ပုဒ်မ ၂၈ အရ အရေးယူသောပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၃၂။ မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေအရ စီမံခန့်ခွဲသည့် ကူးတို့ဆိပ်လုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေနှင့် အညီဆောင်ရွက်ရန် သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့၊ စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၃၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် -

(က) ပြည်နယ်အစိုးရအဖွဲ့သည် နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

အုန်းမြင့်
ပြည်နယ်ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့